JUSTICE FOR MYANMAR



အစီရင်ခံစာအကျဉ်းချုပ်

# လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် သတ္တုမိုင်းများ

တရားမဝင်စစ်အုပ်စုလွှမ်းမိုးချုပ်ကိုင်ထားသော မြန်မာ့သတ္တုတူးဖော်ရေးကဏ္ဍတွင် သြစတြေးလျကုမ္ပဏီများ၊ ဦးဆောင်အရာရှိများနှင့် ရင်းနှီးမြှုပ်နှံသူများကို ရှာဖွေတွေ့ရှိမှု

# အစီရင်ခံစာ အကျဉ်းချုပ်

ဩစတြေးလျကုမ္ပဏီများ၊ ဦးဆောင်အရာရှိများနှင့် ရင်းနှီးမြှုပ်နှံသူများသည် မြန်မာ့သတ္တုတူးဖော်ရေး ကဏ္ဍတွင် လက်ညှိုးထိုးမလွဲ ရှိနေကြသည်။ ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စုက အာဏာသိမ်း ကြိုးပမ်းမှု စတင်ခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင်လည်း  လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိပြီး၊ စစ်အုပ်စုအတွက် ပံ့ပိုးမှုများနှင့် တရားဝင်မှုများ ပေးအပ်နေကာ၊ သတ္တုတူးဖော်ရေးကဏ္ဍ ဆက်လက်လည်ပတ်နိုင်ရန် အားပေးကူညီလျက်ရှိသည်။

သဘာဝသယံဇာတများအပေါ် ချုပ်ကိုင်ကိုယ်ကျိုးရှာမှုသည် စစ်အုပ်စုအတွက် အကြီးမားဆုံးသော နိုင်ငံခြားဝင်ငွေရင်းမြစ်ဖြစ်ပြီး၊ သတ္တုတူးဖော်ရေးသည် ယင်းနိုင်ငံခြားငွေရင်းမြစ်၏ အမြတ်အစွန်း အလွန်ကြီးမားသည့် အစိတ်အပိုင်းတစ်ရပ်ပင် ဖြစ်သည်။ ငှားရမ်းခများ၊ အမြတ်ငွေခွဲဝေမှုနှင့် အခွန်ပေး ဆောင်မှုတို့မှတဆင့် စစ်အုပ်စုထံ ရောက်ရှိလာသော သတ္တုတူးဖော်ထုတ်လုပ်ကဏ္ဍမှ ဝင်ငွေများသည် စစ်အုပ်စုကျူးလွန်လျက်ရှိသည့် ရက်စက်ကြမ်းကြုတ်မှုများအတွက် ဘဏ္ဍာငွေကြေး ဖြည့်တင်းပေးနေ ခြင်းပင် ဖြစ်သည်။ မြန်မာပြည်သူတို့၏ သတ္တိပြောင်မြောက်စွာ အစဉ်တစိုက် တခဲနက် ခုခံတော်လှန်မှု ကြောင့် စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ နယ်မြေများအား ထိရောက်စွာ ထိန်းချုပ်နိုင်ခြင်း မရှိတော့ပေ။ စစ်အုပ်စုသည် အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ လေကြောင်းတိုက်ခိုက်မှုနှင့် ဖုံးကြဲ တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိပြီး၊ ပြည်သူပေါင်း ၄,၄၀၀ ကျော်အား သတ်ဖြတ်မှု၊ မုဒိန်းကျင့်မှု၊ ညှဉ်းပမ်းနှိပ်စက်မှု၊ ပြည်သူပေါင်း ၂၅,၈၀၀ ကျော်အား ဥပဒေမဲ့ဖမ်းဆီး အကျဉ်းချမှု၊ လူနေရပ်ရွာများ အား မီးရှို့ဖျက်ဆီးမှုနှင့် လူပေါင်း ၂.၃ သန်းကျော်အား အခြေအနေပျက် နေရပ်စွန့်ခွာစေမှုများ လုပ်ဆောင်ကာ အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ်ဖြင့် တုန့်ပြန်ခဲ့သည်။

ဩစတြေးလျနိုင်ငံသားပိုင်ကုမ္ပဏီများ၊ ဦးဆောင်ကုမ္ပဏီများနှင့် ဩစတြေးလျ မှတ်ပုံတင်ကုမ္ပဏီများ သည် သတ္တုရှာဖွေခြင်း၊ သတ္တုတွင်းများအား စီမံလုပ်ကိုင်ခြင်း၊ စစ်အုပ်စုလက်အောက်ရှိ သတ္တုတူးဖော် ရေးကဏ္ဍ ဆက်လက်လည်ပတ်နိုင်ရေး အခရာကျသည့် ဝန်ဆောင်မှုများစွာကို ပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ဝန်ဆောင်မှုများတွင် စမ်းသပ်ခြင်း၊ တူးဖော်ခြင်း၊ လူမှုဝန်းကျင်နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများအတွက် အကြံပေးခြင်းနှင့် အခြား နည်းပညာဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်း ဆိုင်ရာ ဝန်ဆောင်မှုများ ပါဝင်သည်။

ယခုအစီရင်ခံစာတွင် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံတွင် လုပ်ငန်းများ ဆက်လက် လည်ပတ် လုပ်ဆောင်နေသည့် ကုမ္ပဏီကွန်ရက် ၁၀ ခုကို မှတ်တမ်းပြုစုထားသည်။ ထို့ပြင် လက်ရှိ အချိန်တွင် သတ္တုတူးဖော်ရေးကဏ္ဍ၌ လုပ်ဆောင်ခြင်း မရှိတော့သော်လည်း မြန်မာနိုင်ငံတွင် မှတ်ပုံတင် ထားဆဲဖြစ်သော၊ စစ်အုပ်စုအောက်တွင် လုပ်ငန်းများ ပြန်လည်လည်ပတ်လုပ်ကိုင်မည်ကို စောင့်ကြည့်

ရန် လိုအပ်သည့် ကုမ္ပဏီကွန်ရက် ၆ ခုကိုလည်း မှတ်သား ဖော်ပြထားပါသည်။ ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုမ္ပဏီများသည် ၎င်းတို့၏ ပိုင်ဆိုင်မှု၊ ကုမ္ပဏီမှတ်ပုံတင်ထားရှိမှု၊ ဦးဆောင်စီမံ အုပ်ချုပ်သူများ၏ နိုင်ငံသားဖြစ်မှုတို့အရ ဩစတြေးလျနိုင်ငံနှင့် ဆက်နွယ်ကြောင်း အတည်ပြုနိုင်သည့် ကုမ္ပဏီများ ဖြစ်သည်။ ကုမ္ပဏီကွန်ရက်တစ်ခုခြင်း၏ ဩစတြေးလျနိုင်ငံနှင့် ဆက်နွယ်နေမှုကို အသေးစိတ် ဖော်ပြထားပါသည်။

စစ်အုပ်စု၏ အရေးပါသည့်အစိတ်အပိုင်းများနှင့် စစ်အုပ်စုက တရားမဝင် ရယူထားသည့် သတ္တုတွင်း လုပ်ငန်းများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရန် ဩစတြေးလျနိုင်ငံ၏ ပျက်ကွက်မှုသည် မြန်မာ့ သတ္တုတူးဖော်ရေးကဏ္ဍတွင် ဩစတြေးလျနိုင်ငံသားများ ဆက်လက်ပါဝင်နိုင်ရန် အားပေးကူညီနေခြင်း ဖြစ်သည်။

ဩစတြေးလျနိုင်ငံ၏ မဟာမိတ်များဖြစ်ကြသည့် အမေရိကန်ပြည်ထောင်စု၊ အီးယူ၊ ယူကေနှင့် ကနေဒါ နိုင်ငံတို့သည် စစ်အုပ်စုနှင့် ၎င်း၏ ဘဏ္ဍာငွေရင်းမြစ်များအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများကို အခါ အားလျော်စွာ ချမှတ်ထားပြီးဖြစ်သည်။ သို့ရာတွင် ဩစတြေးလျနိုင်ငံအနေဖြင့် စစ်အုပ်စုအဖွဲ့ဝင်များနှင့် စစ်တပ်၏ စီးပွားရေးလုပ်ငန်းစုကြီး နှစ်ခုဖြစ်သည့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC) နှင့် မြန်မာ့ စီးပွားရေးဦးပိုင်လီမိတက် (MEHL) တို့အပေါ် တစ်ကြိမ်တည်းသော ဒဏ်ခတ်ပိတ်ဆို့မှုများကို ချမှတ်ရန် စစ်အုပ်စု၏ အာဏာသိမ်းကြိုးပမ်းမှု စတင်ခဲ့ချိန်မှစ၍ ၂ နှစ်တင်းတင်း ပြည့်သည့်တိုင်အောင် အချိန် ယူခဲ့ရသည်။

ယခုအစီရင်ခံစာတွင် အမည်ဖော်ပြခံရသည့် ကုမ္ပဏီများမှာ

- Valentis - စစ်တပ်နှင့် နီးကပ်သော ဆက်ဆံရေးရှိသည့် ညီအစ်ကိုများက တည်ထောင်ထားခြင်းဖြစ် ပြီး၊ ဩစတြေးလျ ရင်းနှီးမြှုပ်နှံသူများ ကျောထောက်နောက်ခံပြု ကုမ္ပဏီပေါင်းများစွာ ပါဝင်ကာ ရှုပ်ထွေးသည့် စီးပွားရေးကွန်ရက်တစ်ခု ဖြစ်သည်။ Valentis ကုမ္ပဏီကွန်ရက်မှ ကုမ္ပဏီအများ အပြားသည် စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေ ပြီး၊ အငြင်းပွားဖွယ် သတ္တုတွင်းများအား လုပ်ကိုင်ခဲ့သည့် သမိုင်းကြောင်းများလည်း ရှိထားသည်။ Valentis ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်သော Justice For Myanmar ၏ စုံစမ်း လေ့လာမှုအတွင်း အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း MEC ကျောက်မီးသွေးစီမံကိန်းသို့ ပေါ်ပေါ် ထင်ထင် သွားရောက်လေ့လာမှု၊ မြန်မာစစ်လက်နက်ပွဲစားတစ်ဦးနှင့် စစ်အုပ်စုလက်အောက်ရှိ ပြည်သူ့စစ်အဖွဲ့နှင့် ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းအတွက် ဝန်ဆောင်မှုများ ပေးအပ်ခြင်းတို့ကို ဖော်ထုတ်နိုင်ခဲ့သည်။
- Cornerstone Resources - ထင်ရှားသည့် ဩစတြေးလျသတ္တုရှာဖွေသူ Mark Creasy ပိုင်ဆိုင် သည်ဟု ယူဆရပြီး၊ ဩစတြေးလျလိပ်စာ ပါရှိသည့် အဆိုပါကုမ္ပဏီသည် စစ်တပ်၏ အာဏာသိမ်း

ကြိုးပမ်းမှုနောက်ပိုင်း ရှမ်းပြည်နယ်အတွင်း သတ္တုတူးဖော်မှုနှင့် သွပ်သန့်စင်မှု လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ Justice For Myanmar သည် ၎င်းကုမ္ပဏီနှင့် စစ်တပ်စီးပွားရေး လုပ်ငန်းစုကြီး မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC) တို့အကြား ငွေကြေးလွှဲပြောင်းပေးအပ်မှုများကို ဖော်ထုတ်နိုင်ခဲ့ပြီး၊ အဆိုပါငွေကြေးလွှဲပြောင်း ပေးအပ်ချိန်တွင် ကုမ္ပဏီအနေဖြင့် British Virgin Islands တွင် မှတ်ပုံတင်ထားခဲ့မှုကြောင့် ယူကေနိုင်ငံ၏ ဒဏ်ခတ်ပိတ်ဆို့မှုများကို ချိုးဖောက်ရာ ရောက်နိုင်သည်။

- Knight Piésold - နိုင်ငံတကာအတိုင်ပင်ခံကုမ္ပဏီ၏ ဩစတြေးလျလုပ်ငန်းခွဲသည် ဩစတြေးလျ အစိုးရက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဒဏ်ခတ်ပိတ်ဆို့ခဲ့သည့် မြန်မာစစ်တပ် စီးပွားရေးလုပ်ငန်းစုကြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) နှင့် မိတ်ဖက်ဆောင်ရွက်နေသော ကြေးနီစီမံကိန်းအတွက် တရုတ်ပိုင် ဝမ်ပေါင်သတ္တုတူးဖော်ရေးကုမ္ပဏီကို လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည်။ ဝမ်ပေါင်ကုမ္ပဏီက လုပ်ကိုင်လျက်ရှိသည့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် စိုးရိမ်ဖွယ်ရာ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် နာမည်ဆိုးနှင့် ကျော်ကြားသော ကြေးနီမိုင်းတွင်း တစ်ခုလည်းဖြစ်သည်။ အဆိုပါ စီမံကိန်းအတွက် ဝန်ဆောင်မှုများကို အနီးကပ်ဆုံး ၂၀၂၃ ခုနှစ်အထိ ပေးအပ်ထားသော Knight Piésold အနေဖြင့် ဦးပိုင်ကုမ္ပဏီအပေါ် ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်ခြင်းမှ ရှောင်ရှားနိုင်ရန် စာချုပ်ပါ လိုက်နာရမည့်တာဝန်များကို Australian Autonomous Sanctions Act 2011 ပါ တင်းကြပ်ကနဦးစီစစ်မှုခြင်းချက်များနှင့်အညီ လုပ်ဆောင်ခဲ့ခြင်း ရှိမရှိမှာ မသေချာပေ။
- PanAust - ဩစတြေးလျအခြေစိုက် သတ္တုတူးဖော်ရေးကုမ္ပဏီသည် စစ်အုပ်စု၏ အကြမ်းဖက်စစ်ဆင်ရေးအတွင်း အကြီးအကျယ်ဖျက်ဆီးခံခဲ့ရသည့် စစ်ကိုင်းတိုင်းအတွင်း အကြီးစားသတ္တုရှာဖွေစမ်းသပ်တိုင်းတာရေးလိုင်စင်ကို ဆက်လက်ရယူထားခဲ့သည်။ ကုမ္ပဏီအနေဖြင့် စစ်အုပ်စုထံ အခကြေးငွေများ ပေးဆောင်ခြင်းဖြင့် ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုများအတွက် ဘဏ္ဍာငွေ အထောက်အပံ့ ဖြစ်စေခဲ့သည်။
- PSI Drilling - ဩစတြေးလျနိုင်ငံသား စီမံအုပ်ချုပ်သူနှင့် ရှယ်ယာရှင်များပါဝင်သည့် သတ္တုတူးဖော်ရေးဝန်ဆောင်မှု ကုမ္ပဏီဖြစ်သော PSI Drilling သည် မြန်မာကုမ္ပဏီ Georesources Group နှင့် မိတ်ဖက်ဆောင်ရွက်ကာ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံအတွင်း လုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ လက်ပံတောင်း ကြေးနီသတ္တုမိုင်းအပါအဝင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် (MEHL)က ထိန်းချုပ်ထားသည့် သတ္တုတွင်းများအတွက် ဝန်ဆောင်မှုများ ပေးအပ်နေကြောင်း Georesources က ကြော်ငြာထားသည်။ PSI Drilling သည် Georesources နှင့် ဖက်စပ်လုပ်ငန်းတစ်ခု ထူထောင်ထားသော်လည်း၊ ၎င်းဖက်စပ်လုပ်ငန်းသည် လက်ပံတောင်း ကြေးနီတူးဖော်ရေးလုပ်ငန်းတွင် ပါဝင်သည့် ဖက်စပ်လုပ်ငန်းဖြစ်သည် မဖြစ်သည်ကို မသိရပေ။ လက်ပံတောင်းကြေးနီတူးဖော်ရေးလုပ်ငန်းသည် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) နှင့် လက်တွဲလုပ်ကိုင်နေသော ဖက်စပ်လုပ်ငန်း၏ လက်အောက်တွင် ရှိသည်ဖြစ်ရာ ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်

သည့်ရက်နောက်ပိုင်း သြစတြေးလျ၏ ပါဝင်ပတ်သက်မှု မှန်သမျှသည် ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်ရာရောက်နိုင်သည်။

- Asia Pacific Mining Limited - သြစတြေးလျနိုင်ငံသား ဦးဆောင်အရာရှိများ ပါဝင်သည့် အဆိုပါကုမ္ပဏီသည် စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုကို အခွင့်ကောင်းယူ၍ ၎င်းတို့၏ ရှာဖွေစမ်းသပ်ရေးလုပ်ငန်းများ ဆက်လက်တိုးချဲ့လုပ်ကိုင်နိုင်ရန် စစ်အုပ်စုအကြီးတန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြောဆိုမှုများ လုပ်ဆောင်ထားသည်။
- Access Resources Asia - သြစတြေးလျနိုင်ငံသား ဦးဆောင်သည့် Access Resources Asia ကုမ္ပဏီသည် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်းနှင့် ပြည်တွင်းတော်လှန်ခုခံမှုများ ရှိနေသည့်အတွင်း တွင်ပင် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ် ပျက်ဆီးစေသည့် ရွှေရှာဖွေစမ်းသပ်ရေးလုပ်ငန်းများကို ဆက်လက်အားထည့် လုပ်ဆောင်ခဲ့သည်။
- Australian Laboratory Services (ALS) - သြစတြေးလျ စတော့အိတ်ချိန်းစာရင်းဝင် အဆိုပါကုမ္ပဏီသည် စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံရှိ ၎င်း၏ စီးပွားရေးလုပ်ငန်းအား ဆက်လက်လုပ်ကိုင်ခဲ့ပြီး၊ Access Resources Asia နှင့် စစ်အုပ်စုထိန်းချုပ်ထားသည့် တက္ကသိုလ်များအတွက် ဓာတ်သတ္တုစမ်းသပ်မှုများကို လုပ်ဆောင်ပေးခဲ့သည်။
- Mission Legal - ယခုအစီရင်ခံစာတွင် ဖော်ပြခဲ့သည့် သတ္တုတူးဖော်ရေးကုမ္ပဏီ အနည်းဆုံး ၃ ခု အတွက် ဝန်ဆောင်မှုများ ပေးခဲ့သော သြစတြေးလျ ဥပဒေအကျိုးဆောင်လုပ်ငန်း Mission Legal သည် စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှု စတင်ပြီးနောက်ပိုင်းတွင်လည်း လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခဲ့ပြီး၊ စစ်အုပ်စုလက်အောက်ရှိ သတ္တုတူးဖော်ရေးကဏ္ဍအတွက် ပံ့ပိုးကူညီလျက်ရှိသည်။

သြစတြေးလျကုမ္ပဏီများသည် စစ်တပ်ထိန်းချုပ်ထားသည့် "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ" ဆိုသည့် ခေတ် ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။ ယင်းကာလ၌ သတ္တုတူးဖော်ရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်သည့် ပြုပြင်ပြောင်းလဲမှုများ ရှိခဲ့ပြီး၊ ယင်းကာလအတွင်း သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် စစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများအကြား ပတ်သက်ဆက်နွှယ်နေသည် ဆိုသည့်အထောက်အထား မှတ်တမ်းများလည်း ရှိခဲ့သည်။ သို့ရာတွင် သြစတြေးလျအစိုးရသည် အဆိုပါကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် အားပေးတိုက်တွန်းခဲ့သည်။

သြစတြေးလျကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင်း သတ္တုတူးဖော်ရေးကဏ္ဍတွင် ဆက်လက်လုပ်ကိုင်ခြင်းသည် စစ်အုပ်စု ကျူးလွန်လျက်ရှိသည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို အားပေးကူညီရာရောက်နိုင်ပြီး၊ အနောက်အုပ်စု ကမ္ဘာ့နိုင်ငံများက ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများအား ထိခိုက်စေသည်သာမက အမျိုးသားညီညွတ်ရေးအစိုးရ၏ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ရေးဆွဲပြဌာန်းထားသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်လက်လည်ပတ်လျက်သည့် လုပ်ငန်းများဆိုင်ရာ ထောက်တိုင် ၃ ခုပါ လမ်းညွှန်မှုဘောင်၏ အနှစ်သာရအပေါ်တွင်လည်း ထိခိုက်စေသည်။

မြန်မာနိုင်ငံအတွင်း လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများအား အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၊ သက်ဆိုင်ရာ ပြည်နယ်ကောင်စီများ၊ သက်ဆိုင်ရာလူမျိုးစုတော်လှန်ရေးအဖွဲ့များ အပါအဝင် တရားဝင်ဖက်ဒရယ်အဖွဲ့အစည်းများ၏ ဥပဒေများ၊ မူဝါဒများ၊ လမ်းညွှန်ချက်များကို လေးစားလိုက်နာ ဆောင်ရွက်ရန် Justice For Myanmar က တောင်းဆိုသည်။

ဩစတြေးလျအစိုးရနှင့် ကုမ္ပဏီများအနေဖြင့် နိုင်ငံစုံစီးပွားရေး လုပ်ငန်းကြီးများအတွက် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ OECD လမ်းညွှန်ချက်များ၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများအတွက် OECD ၏ တင်ကြိုကနဦးဆန်းစစ်မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ ပဋိပက္ခဖြစ်ပွားသက်ရောက်ရာဒေသများနှင့် အန္တရာယ်မြင့်မားသည့်ဒေသများမှ ဓာတ်သတ္တုလုပ်ငန်းများတွင် တာဝန်ယူမှုရှိသော ထောက်ပံ့ကွင်းဆက်ဆိုင်ရာ OECD ၏ တင်ကြိုကနဦးဆန်းစစ်မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်အခြေခံမူများတွင် ချမှတ်ပြဋ္ဌာန်းထားသည့် စံနှုန်းများကို လိုက်နာထိန်းသိမ်း ဆောင်ရွက်သင့်သည်။

Justice For Myanmar အနေဖြင့် ဩစတြေးလျနိုင်ငံအား စစ်အုပ်စု ထိန်းချုပ်ထားသည့် သတ္တုတွင်းလုပ်ငန်းများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချက်ချင်းချမှတ်ရန်၊ စစ်အုပ်စုနှင့် ၎င်း၏ ကော်ပိုရေးရှင်းများနှင့် အတူတကွ သတ္တုတူးဖော်ရေးလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်နေသည့် ကုမ္ပဏီများအား ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်နိုင်ရေး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် တောင်းဆိုသည်။ ထို့အပြင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့်လည်း မြန်မာ့တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍရှိ အဓိကလူပုဂ္ဂိုလ်များအပေါ် ချမှတ်သည့် ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုများတွင် ပူးပေါင်းပါဝင် အရေးယူဆောင်ရွက်ကြရန် Justice For Myanmar က တောင်းဆိုသည်။